# သခင့်စကား 15 Years The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်

သခင့်စကား ၁၅ နှစ်ပြည့် သခင့်စကား ၁–၁၈၁

အိုကောင်းကင် နားထောင်လော့။ ငါပြောမည်။
အိုမြေကြီး ငါမြွက်သော စကားကို ကြားလော့။
ငါ့စကားသည် နှင်းကဲ့သို့ဖြည်းညင်းစွာ
သက်ရောက်လိမ့်မည်။ တရားဟော ၃၂း၁

သလင်း ရတု


အမှတ်စဉ် (၁၈၁) စက်တင်ဘာလ ၂၀၁၆ ခုနှစ် ဓမ္မဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


## နေရာနဲ့တာဝန်

***နေရာနဲ့တာဝန်*** မင်းအောင်သက်လွင်



မင်းကို ဘုရားသခင်က အပေါ်မှာ ထားတာ
အပေါ်တက်လာမဲ့သူကို ဆွဲတင်ဖို့ပါ။ တွန်းချဖို့ မဟုတ်ဘူး။
မင်းကို ဘုရားသခင်က အောက်မှာ ထားတာ
အပေါ်တက်ချင်တဲ့ သူကို တွန်းတင်ပေးဖို့ပါ။ ဆွဲချဖို့ မဟုတ်ဘူး။
မင်းကို ဘုရားသခင်က အပေါ် တက်ခိုင်းတယ်ဆိုတာ
မင်းကို ဆွဲတင်တဲ့သူကို နောက်တဆင့် အပေါ်ရောက်အောင်
တွန်းတင်ပေးဖို့ပါ။ ဆွဲချဖို့ မဟုတ်ဘူး။
မင်းကို ဘုရားသခင်က အပေါ် တက်ခိုင်းတယ်ဆိုတာ
မင်းကို အောက်က တွန်းတင်ပေးသူကို မင်းလို
အပေါ်ရောက်လာအောင် ဆွဲတင်ပေးဖို့ပါ။ ကန်ချဖို့ မဟုတ်ဘူး။
ဒ့ါကြောင့် - ကိုယ့်နေရာ ကိုယ်သိ ၊ ကိုယ့်တာဝန် ကိုယ်ရှိ။ ။



---

## သခင့်စကား နှစ်ပါတ်လည်

****သခင့်စကားနှစ်ပါတ်လည်*** ~ဖွန်ပန်း~

*သခင် စေရာ၊ သခင့် စကားကို၊
ကမ္ဘာတဝှမ်း၊ သယ်ဆောင်နိုင်ဖို့ ၊ ဒို့များ မောင်/မယ် တူလက်တွဲလို့၊
သခင့် သက်သေ ဖြစ်ဖို့ကွယ် * *အမှားကို ဖယ်၊ အမှန်ကို လှမ်း၊
သခင့်ထံသို့ ပြန်လည် ဦးလှည့် သခင် စေရာ၊ သခင့် အတွက်၊
သခင့် သက်သေ ဖြစ်ဖို့ကွယ် *
*ကိုယ်တိုင် ခံစား ကောင်းကြီးများ ဝေငှသက်သေ ထူကြမယ်၊
လမ်းမှား လျှောက်သူ၊ လမ်းမှန်သိဖို့
သခင် စေရာ၊ သခင့်စကား ဖြစ်။ သခင့် သက်သေ ဖြစ်ဖို့ကွယ်......!
*၁၅နှစ် တိုင် ဖြတ်ကျော်နိုင်။ သခင်ပေးသနား ဆုကျေးဇူးများ
ဆက်လက်ခွန်အား ပေးသနား၊ အစေခံများ ပါဝင်စို့။ သခင့်စကားပြန့်ပွားဖို့။ ။
{၁၅နှစ်ပြည့် နှစ်ပါတ်လည် အထိမ်းအမှတ်}
သခင့်စကား ကမ္ဘာအဆက်ဆက် ဘုန်းကြီးပါစေ။ {အာမင်} ~ဖွန်ပန်း~









---

## ပြောင်းလဲချိန်တန်ပြီ

***ပြောင်းလဲချိန်တန်ပြီ*** သိုးသူငယ် -ဒါးက

ခေတ်ရဲ့ တိုးတက်မှု နောက် လိုက်ရင်း
နိမ့်ဆင်းနေတဲ့ ဂိညာဉ်ရေးရာ အတွက် ၊
အချိန်နဲ့ တပြေးညီ တက်လာတဲ့ ဒီရေ တွေက သတိပေးနေပြီ။
လောင်သော မီး မဖြစ်သေးတဲ့ ၊ မီးခိုးငွေ့ငွေ့ ဂိညာဉ်ရေးရာတွေ အတွက်
နေရာအနှံ့မှာ လောင်နေတဲ့ ၊ ဒီ မီးတွေက သတိပေးနေပြီ။
တုန်လှုပ်မှု မရှိ ငြိမ်ဝပ်နေတဲ့ ၊ ဂိညာဉ်ရေးရာတွေ အတွက်
ချောက်ချားဖွယ် လျှောင်တွေက သတိပေးနေပြီ။
သမ္မာတရားလေးဝင် ပြန်လာမဲ့ အချိန်
မျှော်လင့်ရင်းနဲ့ နိုးကြားဖို့ အချိန်တန်ပြီ။ ။



---

## [အခွေ]

***အခွေ*** ဂတုံး

သံသရာ လည်နေတဲ့ ဒီခရီး လျှောက်ရပေါင်း များလို့
အားအင် ကုန်ခမ်း နွမ်းကျလုတဲ့ ပုံစံ
မာန် မရှိတော့တဲ့ ဟန်တွေနဲ့ ၊ အားယူရင်း ဆက်ကာလှမ်းပေမဲ့ ၊
အောက်ပိုင်းက မနိုင်တော့သမို့ ၊ ယိုင်နဲ့ သွားရပြန်တယ်လေ။
သခင်သာ မပါခဲ့ရင် မျှော်လင့်ချက်ဆိုတာ ကင်းမဲ့နေပြီမို့
ရှေ့လာမဲ့ အနာဂါတ် ရောင်နီကို မျှော်ကြည့်ရင်း
ရောင်းရင်း တောင်ပှေးကို အားပြုကာ ရှန်းရင်း ကန်ရင်းနဲ့
ဘဝရဲ့ တိုက်ပွဲထဲ ကြုံးဝါးလို့ ဝင်ခဲ့ပြန်တယ်လေ။ ။





## ရွှေတွင်းကြီး

***ရွှေတွင်းကြီး*** ပန်းနီနီ(ကရာနီ)





တစ်ခါတုန်းက လူတစ်စုဟာ ခရီးတစ်ခုကို အတူတူ သွားခဲ့ကြတယ်။ သာယာ ပျော်ရွှင်ဖွယ် ထိုခရီးစဉ်ရဲ့ လမ်းခုလတ် မှာတော့ ပြိုးပြက်ဝင်းလက်တောက်ပနေတဲ့ ရောင်စဉ်တွေ ဖြာထွက်နေတဲ့ တွင်းကြီး တစ်တွင်းကို သူတို့ ထူးဆန်းစွာ တွေ့လိုက် ကြရတယ်။ ဒီလိုနဲ့ ရဲရင့်ဖျတ်လတ်တဲ့ သူတစ်ဦးကနေ စတင်ပြီး တွင်းကြီး ထဲကို ဆင်း ကြည့်ဖို့ ကြိုးစား တော့တာပေါ့။ ဒီလို ရောင်စဉ် တွေ ဖြာထွက် နေမှတော့ ရွှေငွေ ရတနာ တွေ အများကြီး ရှိကို ရှိနေရမယ် ဆိုတဲ့ စိတ်အထင်နဲ့ ဒီ တွင်းကြီး ထဲက ရွှေငွေ ရတနာတွေကို ယူရအောင်လို့ပေါ့။ အဲဒီသူဟာ ရဲရင့် တက်ကြွစွာနဲ့ အလျင်စလို တွင်းထဲ ဆင်းသွားပြီး မကြာခင်မှာ အဲဒီလူရဲ့ ငယ်သံပါအောင် အော်လိုက်တဲ့ အသံကို အပေါ်မှာ ကျန်ခဲ့တဲ့ သူတွေ အားလုံး ထိတ်လန့်စွာ ကြားလိုက်ရပါတော့တယ်။ ဒီမှာ ရွှေတွေ ငွေတွေ မဟုတ်ဘူး။ မြွေတွေ မြွေတွေ မဆင်းလာခဲ့နဲ့။ အား ကြောက်တယ်၊ ကြောက်တယ်။ သေပါပြီ လို့ အော်နေ တော့တာပေါ့။ အပြင်က ကြားနေရတဲ့ ကျန်တဲ့ သူတွေက တွင်းနက်ထဲက မြွေကို မမြင်ရဘဲ၊ ပြိုးပြက်တောက်ပ နေတဲ့ ရောင်စဉ် တွေကိုဘဲ မြင်နေရတာမို့ သူ့စကားကို လုံးဝ မယုံကြဘူးတဲ့။ ဒီလူက သူ တစ်ယောက်တည်း ရွှေတွေ ငွေတွေကို ပိုင်ဆိုင်ချင်လို့ ငါတို့ အောက်ကို ဆင်း မလာ ရအောင် ငါတို့ ကြောက်ပြီး ထွက်ပြေးအောင် မြွေတွေ ရှိတယ်လို့ ညာပြောပြီး ခြောက်လှန့်တာဖြစ်မယ်။ ငါတို့ ကြောက်ပြီး ထွက်ပြေးသွားရင် တွင်းထဲက တက် လာပြီး သူ တစ်ယောက်တည်း ရွှေတွေ ငွေတွေ အကုန် သယ်မလို့ဖြစ်မယ်လို့ တွေးတော ပြောဆိုနေကြသတဲ့။ တွင်းထဲကလူ ပြောတဲ့ စကားကို မယုံဘဲ ရွှေရောင် တွေ ဖိတ်ဖိတ် တောက်နေတဲ့ တွင်းကြီးထဲကို ခရီးသည်အားလုံး တစ်ယောက် မကျန် အလုအယက် တိုးဝှေ့ပြီး ဆင်းသွားကြသတဲ့။ အားလုံး တွင်းကြီးရဲ့ အောက်ဆုံးပိုင်းကို ရောက်ချိန်မှာ ပြန်တက်လို့ မရတော့တဲ့အပြင် အဆိပ်ပြင်းတဲ့ မြွေတွေ အများကြီး ရှိနေတဲ့ မြွေတွင်း မှန်း သိလိုက်ရတော့ သတဲ့။



ကျမ လည်း တစ်ချိန်တုံးက ခရီးသွားများထဲမှာ တစ်ယောက် ဖြစ်ပါတယ်။ အိမ်ထောင်ရေး တွင်းနက် ကြီးထဲကို အကြောက်တရား ကင်းမဲ့စွာ၊ ရင်ခုန်ကြည်နူးစွာ၊ ပျော်ရွှင်စွာ ခုန်ချ ခဲ့တဲ့ အချစ်သူရဲကောင်း တစ်ဦးလည်း ဖြစ်ပါတယ်။ ဒီ အိမ်ထောင်ရေး ဆိုတဲ့ တွင်းနက်ကြီးထဲကို ရောက်ရှိသွားတဲ့အခါမှာ တွင်းထဲမှာ အဆိပ်ပြင်းတဲ့ မြွေတွေနဲ့ တူတဲ့ အရာများစွာကို ရင်ဆိုင်ခဲ့ရပါတော့တယ်။ အဲဒါတွေကတော့ လင်မယား တစ်ဦးနဲ့ တစ်ဦးကြားက ဖြိုချခံခဲ့ရတဲ့ ယုံကြည်မှုများ။ ချစ်ခြင်း မေတ္တာ ခေါင်းပါးမှု။ မတရား မမျှတမှု။ ပိုင်းဝန်း အနိုင်ကျင့်ခံရခြင်း။ မိသားစု စားဝတ်နေရေး။ နှစ်ဘက်မိဘ ဆွေမျိုးများထံမှ နားလည်မှု စာနာပေးမှု မရရှိခြင်း။ လင်ညီအစ်မ၊ မယားညီအစ်ကို၊ သမီးယောင်းမ၊ သမီးယောက်ဖ အချင်းချင်း သင့်မြတ်မှု မရှိခြင်း။ ထိုထို ဤဤသော ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ဖြေရှင်းနေရသော ဒီလင် ဒီမယား ချစ်တောင် မချစ်အားတော့ပါ။ တိုင်ပင် ဆွေးနွေးစရာများကို သွေးအေးအေး နဲ့ အဖြေရှာရမဲ့အစား၊ စကားများ ရန်ဖြစ်စေတဲ့ ဘက်ကို ပိုမို ဦးတည်သွားတတ်စမြဲပါ။ အဲဒီ အခါကျမှ စိတ်အားတွေငယ်၊ စိတ်ဓါတ်တွေ ကျပြီး မလုပ်သင့်တာတွေ လုပ်ခဲ့ ကြလို့လဲ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ကြတဲ့ သူတွေ ဒုနဲ့ ဒေးပါ။ ဒီတော့လဲ ဓါးစားခံ ဖြစ်သွားတာက ဘာမှ မသိဘဲ မွေးလာတဲ့ သားသမီး တွေပါဘဲ။ ကျမ အသိတရား ပြန်ဝင် လာချိန်မှာတော့ အမှားများတဲ့ ဒီလောကထဲမှာ မှားနေကြဖို့ မဟုတ်ဘူး။ မှောင် နေတဲ့ လောက ထဲမှာ လင်းစေဖို့ ဖြစ်တယ်။ ဆ ၁ငတ်နေတဲ့ လောကကြီးထဲမှာ အသက်ရေ ရှာတွေ့ဖို့ အရေးကြီးတယ်။ အဲဒါကြောင့် ဘဝမှာ မှောင်နေ မှားနေဖို့ ကိုတော့ ကျမ ရဲ့ အသိစိတ်က ခွင့်မပြုခဲ့ဘူး။ ဘာဖြစ်လို့လဲ ဆို

၂။ အကြံအစည်တော်ကိုပြဆိုသော အမည်နာမ။

* အမည်နာမ၏ အဓိပ္ပါယ်မှာ 'ထာဝရဘုရားသည် ကယ်တင်ခြင်း' ဖြစ်သည်။ ထိုအနက်အဓိပ္ပါယ်အတိုင်း 'ကယ်တင်ခြင်း' သည် ယေရှုခရစ်တော် ကြွလာရခြင်းနှင့် ပြီးမြောက်စေမည့် အမှုတော်လုပ်ငန်းကို ဖေါ်ကျူးပြည့်နေခြင်းဖြစ်သည်။ တဖန် ရှင်းလင်းသော အနက်အဓိပ္ပါယ်မှာ 'မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူ ဖြစ်သောကြောင့်' ယေရှုဟူသော အမည်နာမကို မည့်ဆိုသမုတ်ရခြင်းပင်ဖြစ်သည် ( ရှင်မဿဲ၊ ၁း ၂၁)။ 'ကယ်တင်ခြင်း' အနက်မှာ 'ပျက်ဆီးခြင်းထဲမှ ရွေးနှုတ်ကယ်တင်ခြင်း၊ လုံခြုံသော ကွယ်ကာစောင့်မမှုကိုပေးခြင်း' တို့ဖြစ်သည်။ယေရှုသည် အဘယ် သို့ သော အမှုကို ပြီးဆီးအထမြောက်အောင်မြင်စေခဲ့သနည်း။ ယေရှုခရစ်တော်သည် သူ၏အမည်နာမ ကိုယ်၌က အဖြစ်တော်ကို ဖေါ်ကျူးလျက်ရှိသည် (ရှင်မာကု၊ ၁၀း၄၅)။ ယေရှု ခရစ်တော် ဤလောကသို့ လူ့ဇာတိအဖြစ်တော်ကို ခံယူတော်မူခဲ့ခြင်းမှာ အပြစ်သား များအတွက် ကားတိုင်တော်ထက်ဝယ် အသက်တော်ကို ပေးဆပ်တော်မူပြီး လောကီ လူသားထုတစ်ရပ်လုံး အပါယ်ငရဲမှ လွတ်မြောက်ရန် ကိုယ်စား ယတြာ ပေးချေခြင်း ပြုတော်မူရန်သာဖြစ်သည် ( ဖိ၊ ၂း၈၊ ရှင်ယောဟန်၊ ၁၈း၃၇၊ ဟေရှာယ၊ ၅၃း၄–၆၊ ဆာလံ၊ ၂၂း၁၊ ၁၂–၁၈)။ သခင်ယေရှုခရစ်တော်ဘုရား၏ မဟာကရုဏာတော် အမှုတော်မြတ်၌ပင် အကြံအစည်တော်ကို အတိ အလင်း ဖွင့်ပြတော်မူခဲ့ပါသည် ( ရှင်လုကာ၊ ၁၉း၁၀)။



အထူးသဖြင့် ယေရှုဘုရား၏ သက်တော်စဉ်တစ်လျှောက်လုံးကို ကြည့်ပါက ခရစ်တော် ယေရှုဘုရား ဤလောကသို့ ကြွလာတော်မူရခြင်းသည် လောကီ လူသားများ အတွက် 'ထာဝရစီရင်ခြင်းဘေးမှ ကင်းလွတ်အံ့သောငှါ၊ ကယ်တင်ခြင်း အကျွတ်တရား လမ်းကို ခင်းပေးတော်မူရန်' သာဖြစ်သည်။

၃။ အဖြစ်တော်ကိုပြဆိုသောအမည်နာမ။

'ယေရှု' ဟူသော အမည်နာမသည် သခင်ခရစ်တော် ဘုရား၏ လူ့ဇာတိ အဖြစ်တော်ကို ပြဆိုသော အမည်နာမ ဖြစ်သည်။ သမ္မာကျမ်းစာတွင် ခရစ်တော်ဘုရား၏ အမည်နာမများကို အများအပြား တွေ့ရပါသည်။ 'မိမိလူတို့ကို အပြစ်မှ ကယ်ချွတ် တော်မူသော အရှင်' ဟုအနက်ရသည့်နည်းတူ (ဖိ၊ ၂း၅–၈) တွင် ဘုရား အဖြစ်တော်ကိုလည်း ပြဆိုထားပါသည်။ ထိုမျှမက လူ့ဇာတိကိုခံယူတော်မူသော လူသား စင်စစ်နှင့် ဘုရားစင်စစ် ဖြစ်တော် မူသည်ကိုလည်း အတိအလင်း ပြဆိုထားပါသည်။

* မြင်ယောင်မှန်းဆကြည့်ပါ၊ ဘုရားသခင်သည် ဤလောကသို့ ကြွဆင်းတော်မူခဲ့သည်မဟုတ်ပါလား။ ထိုအရှင်သည် ရှင်ဘုရင်တစ်ပါးကဲ့သို့ ကြွဆင်းမလာဘဲ နှိမ့်ချသော အစေခံတစ်ဦးပမာ ဆင်းသက်တော်မူခဲ့သည်။ မြင့်မြတ်သော နန်းတော်ထဲတွင်မဟုတ်မူဘဲ နွားတင်းကုတ်တွင် ဖွားမြင်ခြင်းကို ခံယူတော်မူခဲ့သည်။ 'ယေရှု'သည် ဆင်းရဲခြင်းကိုလည်း သိကြွမ်းတော်မူသည် (ရှင်မဿဲ၊ ၈း၂၀)။ ပင်ပန်းခြင်းကိုလည်း သိကြွမ်း တော်မူသည် ( ရှင်ယောဟန်၊ ၄း၆၊ ရှင်မဿဲ၊ ၈း၂၄)။ ဆာလောင်ငတ်မွတ်ခြင်းကိုလည်း သိကြွမ်းတော်မူသည် ( ရှင်မဿဲ၊ ၄း၂)။ ငြင်းပယ်မှုကိုလည်း သိကြွမ်းတော်မူသည် (ရှင်ယောဟန်၊ ၁း၁၁၊ ၁၉း၁၀)။ အထီးကျန်မှုကိုလည်း သိကြွမ်းတော်မူခဲ့ပြန်ပါသည် (ရှင်ယောဟန်၊ ၆း၁၅၊ ရှင်မဿဲ၊ ၂၆း ၂၉)။ စုံစမ်းခြင်းအမှုကိုလည်း ကိုယ်တိုင်ရင်ဆိုင်တော်မူခဲ့ရ ပြန်ပါသည်( ရှင်မဿဲ၊ ၄း၁–၁၁)။ လူသားတို့တွေ့ရကြုံရသော 'ပူမှုဆယ်ကုဋေ' ကိုလည်းသိကြွမ်းတော်မူခဲ့ပါသည်။

* ထိုသို့သော အမှုကိစ္စကြီးငယ် အသွယ်သွယ်ကို ခံစားရင်ဆိုင်တော်မူခြင်းမှာ ကျွန်ုပ်တို့နှင့် ထပ်တူညီမျှဖြစ်စေရန်နှင့် ကျွန်ုပ်တို့၏ ခံစားချက်ကို သိကြွမ် တော်မူရန် အလို့ငှါဖြစ်ပြီး ကျွန်ုပ်တို့ ဘေးဒုက္ခအသွယ်သွယ်ကြုံရသောအခါတွင်လည်း နားလည်စာနာ တတ်ခြင်း ရှိတော်မူသည်သာမက ကယ်လွှတ်ခြင်းငှါ လည်း တတ်စွမ်းနိုင်သော အရှင်သခင် ဖြစ်တော်မူပါသည် (ဟေဗြဲ၊ ၄း၁၅–၁၆)။

၄။ ကိုယ်ရည်ကိုယ်သွေးကို ပြဆိုသော အမည်နာမ။

* ထိုခေတ် ထိုအခါကာလ၌ 'ယေရှု' ဟူသောအမည်နာမမှာ အများမည့် ဆိုကြသော အမည်နာမ ဖြစ်ခဲ့ပါသည်။ သို့တိုင်အောင် 'ဧမာနွေလ' ဟုခေါ်ဆို နိုင်မည့် အမည်နာမ ပိုင်ရှင်ကား မရှိခဲ့ပါ ( ရှင်မဿဲ၊ ၁း ၂၃)။

* တစ်နှစ်ထဲတွင် ထောင်သောင်းမကသော ကလေးများမွေးဖွားလာနိုင်သော်ငြားလည်း ထို ထောင်သောင်းမကသော ကလေးသူငယ်အများထဲမှ တစ်ဦးသည်သာ ဤလောက၏ ကယ်တင်ရှင်အဖြစ် သက်တော်စဉ်တစ်လျှောက် ကြီးပြင်းတော်မူခဲ့ပါသည်။

* နှစ်ပေါင်းများစွာကုန်လွန်သည့်တိုင်အောင် ယေရှုခရစ်တော်တစ်ပါးတည်းသာ ဆက်လက် ရပ်တည်နေတော်မူခဲ့ပါသည်။ ထိုအရှင်တစ်ပါးတည်းသာ လျှင် လောကီသားတို့၏ တမလွန်နောင်ရေးအတွက် ကယ်တင်ပေးမည့်အရှင်၊ ကယ်ချွတ်တော်မူမည့် အရှင်သခင် ဖြစ်တော်မူပါသည် ( ရှင်ယောဟန်၊ ၁၄း၆၊ တမန် တော်၊ ၄း၁၂)။

*လောကီလူသားတို့သည် အပြစ်သံသရာဝဲသြဃထဲတွင် နစ်မွန်းနေကြပါသည်။ 'လောကီသားတို့သည် ပျက်ဆီးခြင်းသို့ ဦးတည်နေကြောင်း' ကိုယေရှု ခရစ်တော်သည် ဒေသစာရီ လှည့်လည်စဉ်က မိန့်တော်မူခဲ့ပါသည်။ 'တရားသေ' သမားများက 'သင်သည် အပြစ်နွံ့တွင်းသို့ မသက်ဆင်းသင့်' ဟုဆိုကြသည်။ 'ဘာသာရေးသမား' တို့မူကား 'အပြစ်နွံ့တွင်းမှ အဘယ်သို့ ကယ်လွှတ်နိုင်သည့်နည်းလမ်းကို ပြည့်နှပ်ပေးမည်' ဟုဆိုကြသည်။ 'အဆိုးမြင်ဝါဒီ သမားများက' 'သင်သည် အပြစ်နွံ့တွင်း၌ သေဆုံးရမည်'ဟုဆိုကြသည်။ 'အကောင်းဝါဒီများ'ကလည်း 'အပြစ်နွံ့ထက် ဆိုးဝါးသောအရာများကို ငါမြင်ရပြန်သည်' ဟုဆိုတတ်ကြသည်။ 'ယုတ္တိဗေဒ' သမားများက 'သင့်ကံကြမ္မာကိုသင်လက်ခံရပေမည်' ဟုဆိုကြပြန်သည်။ 'နာမ်လောက ဝါဒီ'များက 'အပြစ်နွံ့ဟူသည်မရှိ' ဟုဆိုကြ တတ်ပြန်သည်။ သို့သော် ယေရှု ခရစ်တော် မိန့်ကြားတော်မူသည်ကား 'ငါသည်သင်ရှိရာသို့ကြွလာ၍ သင့်အား ကယ်ချွတ်တော်မူမည်' ဟုမိန့်ကြားတော်မူခဲ့ပါသည်။ ထိုစကားတော်သည်ကား အပြောနှင့် အလုပ် ညီထွေစွာ ပြုတော်မူခဲ့သော ခရစ်တော်ယေရှုဘုရား၏ သက်တော်စဉ် အစစ် အမှန်ပင်ဖြစ်တော်မူပါသည် (ဆာလံ၊ ၄၀း၁–၃)။

*ယေရှုတစ်ပါးတည်းသာလျှင် ဤလောကီလူသားအပြစ်သားများအတွက် ကယ်ချွတ်ရှင်ဖြစ်တော်မူသည်။

နိဂုံး။ ။ ထိုအမည်နာမ သည်ကား ကျွန်ုပ်ကြားနာလိုသော အမည်နာမပင်ဖြစ်သည်။ ယေရှုဟူသော အမည်နာမတွင် ထိုအရှင်၏ လူ့ဇာတိခံယူတော်မူခြင်း၊ လူသားစင်စစ်ဖြစ်တော်မူခြင်း၊ ကားတိုင်တော်ထက်တွင် အသက်စွန့်လှူကိုယ်စားယတြာပြုတော်မူခြင်း၊ သေခြင်းတရားကိုအောင်မြင်အထမြောက်တော်မူခြင်း၊ ကယ်ချွတ်ခြင်းမဟာအကျွတ်လမ်းတရားကို ပြီးမြောက်စွာဖွင့်ပေးတော်မူခြင်းစသည်တို့ကို ကျွန်ုပ်မြင်တွေ့ ကြားသိရပါသည်။

ဤကား အမည်နာမနှင့် စပ်ဆိုင်ရာတွင်တွေ့ရသော 'ပညာတ်သွားရာ ဓါတ်သက်ပါ' ဆိုသည့်အတိုင်း ဓမ္မတေးများတွင် ကျေူးထားသည်ကိုလည်း တွေ့ရပါသည်။ သင်သည် ထိုအရှင်အား သိမြင်ပါရှဲလား။ ထိုအရှင်အကြောင်းအား သာ၍နက်နဲစွာ သိမြင်ရန် ဆန္ဒရှိပါသလား။ ထိုအရှင်၏ ကျေးဇူးတရားတော်အား သင်သည် အောက်မေ့သော အခါတွင် ထိုအရှင်၏ ဂုဏ်တော်ကျေးဇူးတော်အစုံစုံကို ကောင်းစွာ သိမြင်နိုင်သောသူ ဖြစ်နိုင် ပါစေရန် ဆန္ဒပြုလိုက်ပါသည်။ နာမတော်မြတ်၌– ဆယ်မြူရယ်စိုးလွင်

-------------------------------

## [လျော်ကြေး] လျော်ကြေး


**(ဂတ္တုတို - မင်းအောင်သက်လွင်)**




[အခန်း(၁) တနင်္ဂနွေနေ့။] သာယာသော တနင်္ဂနွေနေ့ တစ်နေ့မှာ ရန်ကုန်တိုင်း ထဲက နာမည်ကြီး အသင်း တော် တစ်ခုရဲ့ မနက် ဂတ်ပြုစည်းဝေးမှာ ကျနော် အချိန်ယူ တရားဟောခွင့် ရရှိ ခဲ့ပါတယ်။ ""ကျနော့်ရဲ့ အဓိက ကျမ်းချက်ကတော့ **ယေဇကျေလ** ၃၃း၇၊၈၉ ဖြစ်ပါတယ်။ <u>"သင်သည် ငါ၏ နှုတ်ထွက် စကားကို နားခံ ၍ သူတို့ကို သတိပေးရမည်။ ငါသည် လူဆိုးအား အို-လူဆိုး၊ အကယ်စင်စစ် သင်သည် အသေခံရမည်ဟု ဆိုသောအခါ ဆိုးသောသူကို သူ၏ လမ်းမှ လွှဲစေခြင်းငှာ သင်သည် သတိမပေးလျှင် ထိုလူဆိုးသည် မိမိ အပြစ် ကြောင့် အသက် ဆုံးလိမ့်မည်။ သို့ရာတွင် သူ၏ အသက်ကို သင်၌ ငါတောင်းမည်။"</u> ဖြစ်ပါတယ်။ ကျမ်းစာကို စကားပြေ ပြန်ရမယ် ဆိုရင်၊ ဆိုးမိုက်သောသူကို နောင်တ တရား ဟောပါ။ ကိုယ် ဟောပြောရဲ့သားနဲ့ သူ နား မထောင်ရင် သူ့အပြစ်။ ကိုယ်က မဟောပြောဘဲ သူ သေဆုံးသွားခဲ့ရင် ကိုယ့် အပြစ်တဲ့။ သူ့အသက်ကို ဘုရားသခင်က ကိုယ့် ဆီမှာ <u>***"လျော်ကြေး"***</u> အဖြစ် ပြန်တောင်းမယ်တဲ့။ ဒါ့ကြောင့် အခုလို နောက်ဆုံး သော ကာလမှာ ဧဝံဂေလိ တရားကို အချိန်ရသည် ဖြစ်ဖြစ်၊ မရသည် ဖြစ်စေ ဟော ပြောကြပါ။ ကျနော်တို့ဟာ စကြာဝဠာ ထက်မက အဖိုးတန်တဲ့ ပျောက်ဆုံး ဝိညာဉ် တွေကို လိုက်လံ ရှာဖွေ ဟောပြောရမှာ ဖြစ်ပါတယ်။ ဒါမှ မဟုတ် ရင် ဒီဝိညာဉ်တွေကို စာတန်က ပိုင် သွားပါလိမ့်မယ်။ ဘုရား ပိုင်တဲ့ ဝိညာဉ်တွေကို ခရစ်တော်က အသွေး တော်နဲ့ ဝယ်ထားပြီးပါပြီ။ စာတန် မပိုင်ပါစေနဲ့။ စာတန် ကို ဝယ်ခွင့် မပေးလိုက် ကြပါနဲ့။ အခွင့်ရတိုင်း ကိုယ်နဲ့ နီးစပ်သူ စပ်ဆိုင်သူတွေကို ဧဝံဂေလိတရား ဟောပြော ကြပါ။ ကိုယ် မဟောပြောမိလို့ သတင်းစကား မကြားရဘဲ လူမိုက် လူဆိုးတွေ ပျက်စီး သေဆုံး သွားခဲ့ရင် ဘုရားသခင်က သူတို့ရဲ့ ဝိညာဉ်ကို ကျနော်တို့ဆီကနေ လျော်ကြေး အဖြစ်နဲ့ ပြန် အလျော် တောင်းမယ်လို့ ယေဇကျေလ ကျမ်းစာထဲမှာ အတိအကျ ရေးထားပါတယ်။"" လို့ အားရပါးရ တရားဟောပြီး စင်ပေါ်က ပြန်ဆင်း လာတော့

အဲဒီ အသင်းတော် ရဲ့ သင်းအုပ်ဆရာက ကျနော့်ကို လက်ဆွဲ နှုတ်ဆက်ပြီး "အရမ်း ခွန်အား ရတယ်ဗျာ။ အဲဒါကြောင့် ဆရာဂျော်နီမောင်မောင် ဆိုပြီး လူတွေ ကြားမှာ ရေပန်းစား ပေါ်ပြူလာ ဖြစ်နေတာကိုးဗျ " လို့ အော်ကြီးဟစ်ကျယ် ချီးမွမ်း လိုက်တော့ ကျနော် သွားဖြဲလေးနဲ့ ပြန် ပြုံးပြ လိုက်ပါတယ်။

[အခန်း(၂) ။ တနလ်ာနေ့ - မနက် ၈း၀၀ နာရီ။] နောက်တစ်နေ့ မနက်စောစော အိပ်ယာ က ထပြီး မကြာခင်မှာ ဖုန်း call တစ်ခု ဝင်လာပါတယ်။ ကလင် ကလင် ကလင်။ "ဟဲလို ကျနော် သင်းအုပ်ဆရာ နယ်လှည့်၊ ကျွှမ်ာလှည့် သာသနာပြု တရားဟော ဆရာ ဂျော်နီမောင်မောင် ပါ။ အမိန့် ရှိပါ ခင်ဗျာ။" "ဆရာ



ဂျော်နီမောင်မောင်။ ကျမ လှိုင်သာယာ ကျူးကျော်ရပ်ကွက်က ပုစုးမ ပါ ဆရာ။ မှတ်မိသေးလား မသိဘူး။ လွန်ခဲ့တဲ့ ၅နှစ် လောက်က ဆရာ ကျမတို့ ဆင်းရဲသား ရပ်ကွက်ထဲမှာ ဧဝံဂေလိ တရား လာ ဟောသွားတာလေ။ အဲဒါ ကျမတို့ ညီအစ်မတွေ အားလုံး ပြောင်းလဲ ကြတာ ဆရာ့ ကျေးဇူးကြောင့်ပေါ့။ အဲဒီနောက်ပိုင်း ဆရာ ပေါ်မလာတော့ဘဲ ပျောက်သွား လိုက်တာ နောက်တော့မှ facebook မှာ ဆရာ့ တရား ဟောချက် video တွေ တွေ့ရလို့။ ဒါ တချိန်က ငါတို့ ဆင်းရဲသား ရပ်ကွက်မှာ ဧဝံ ဂေလိ တရား ဟောသွားတဲ့ ငါတို့ အချစ်တော် ဆရာဘဲ လို့။ ဂမ်းသာ အားရ ဆရာ့ရဲ့ ဖုန်းနံပါတ်ကို facebook က တဆင့် ရလို့ ပြန်ဆက်သွယ်တာပါ ဆရာ။" "ဩော် - ဟုတ်ပါပြီ။ ကျနော် မှတ်မိပါပြီ။ အဲဒီတုံးက ကျနော့်ကို ခင်ဗျားတို့ရဲ့ အစ်ကို ကျီးဖြူ ဆိုတဲ့ ဆေးကြောင်နေတဲ့ လမ်းသူရဲက လေးခွနဲ့ ပစ်လို့ ကျနော့် နဖူး ရုပ်မှန် သွားသေးတယ်လေ။" "ဟာ ဟုတ်တယ် ဆရာ။ ဟုတ်တယ်။ ဆရာက အားလုံးကို မှတ်မိနေတာဘဲနော်။ အဲဒါ အခု ဆရာ့ကို လေးခွနဲ့ ပစ်ခဲ့တဲ့ ကျီးဖြူ အခု ဆေးခြောက်တွေ အလွန် အကျွံ သုံးခဲ့လို့ အခု ရောဂါ အသည်းအသန် ဖြစ်နေပြီး စိုးရိမ်ရတဲ့ အနေ အထားကို ရောက်နေပြီ။ ဆေးရုံက လက်မခံလို့ အိမ်ကို ပြန်ခေါ် လာခဲ့ရတယ်။" "ဩော် ခင်ဗျားရဲ့ အစ်ကို ဟို လမ်းသူရဲ လူဆိုး သူခိုး ကျီးဖြူ သေခါ နီးပြီ ဟုတ်လား။ ဘာ ဆေးရုံက လက် မခံတော့ဘူး။ ဟုတ်လား။" "ဟုတ်တယ် ဆရာ။ သူ အခု နောင်တ ရနေပါပြီ။ သေခါနီးမို့ ခရစ်တော်ကို ခေါ်ဖိတ် လက်ခံ ချင်တယ်။ ဆရာ့ ကိုလဲ တောင်းပန်ချင်လို့တဲ့။ ပြီးတော့ အခွင့် သာရင် ရေ နှစ်ခြင်း မင်္ဂလာပါ ခံချင် လို့တဲ့။ သူ သေမှာ သူသိနေတယ် ဆရာ။ ကျမတို့ ရပ်ကွက်ကလဲ ကျူးကျော်ရပ်ကွက် ဆိုတော့ မကြာခင် ပြောင်းပေးရတော့မယ်။ မပြောင်းခင်မှာ ရပ်ကွက်ထဲက လူတွေကိုလဲ ကျီးဖြူ နာရေးကို အကြောင်းပြပြီး ဧဝံဂေလိ တရား ဟောချင်တယ်။ အဲဒါ ဆရာ ကိုယ်တိုင် လာမှ ရမယ်။ အခု ကျမ အိမ်မှာ ရှိနေပါတယ်။ ဆက်ဆက် လာခဲ့ပါနော် ဆရာ။ " " ဩော် ဟုတ်ကဲ့ လာခဲ့ပါ့မယ် ခင်ဗျာ။"

[မနက် ၁၀း၀၀ နာရီ။] ကျီးဖြူ ဆီ သွားမလို့ ပြင်ဆင်နေတုံးမှာဘဲ၊ နောက်ထပ် ဖုန်း call တစ်ခု ထပ် ဝင်လာ ပါတယ်။ ဖုန်းခေါ်တဲ့ သူကတော့ ကျနော့် ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးပေါ့။ "ဟဲလို - အိုး သူငယ်ချင်း။ မင်း အမေရိကား က ပြန်လာပြီလား။ ဩော် - ဩော်ဇီ က ဟိုကောင်ကြီး သာသနာပြု မာစတာဘွဲ့ ရလို့ ဆီဒိုးနား ဟော်တယ်မှာ ဂုဏ်ပြု မလို့ ဟုတ်လား။ အိုး လာရမှာပေါ့။ လာခဲ့ရမှာပေါ့။ စောင့်နေ အခုလာခဲ့မယ်။"

[နေ့လည်မွန်းတည့်ချိန် ၁၂ နာရီ။] နိုင်ငံခြားပြန် ငယ် သူငယ်ချင်း နှစ်ယောက်နဲ့ ဂုဏ်ပြုနေ့လည်စာ စားပြီး အပြန်မှာ မနက်က ခေါ်ထားတဲ့ ကျီးဖြူ အကြောင်း ကျနော့် ခေါင်းထဲ ရောက်လာတယ်။ အဲဒီ အချိန်မှာဘဲ - နောက်ထပ် ဖုန်း တစ် call ဝင်လာပြန်တယ်လေ။ "ဟဲလို - ဆရာလား။" "ဟုတ်ပါတယ် ခင်ဗျာ" "ဟို သမီးတို့က မြို့လယ်ခေါင် က အသင်းတော် ကပါ။ FOP သီချင်းခွေ စီးရီးထုတ်ဖို့ ချီးမွမ်း ဆက်ကပ် ပွဲ လုပ်မလို့လေ။ အဲဒါ ဆရာ အခုလာပြီး ပါဝင် ပေးပါနော်။ ဟို နာမည်ကြီး စားသောက်ဆိုင်မှာ လုပ်မှာလေ။" "အိုး - လာခဲ့မှာပေါ့။"


[မွန်းလွဲ ၂း၀၀ နာရီ။] FOP သီချင်းခွေ ဆက်ကပ်ပြီး အပြန်မှာ ဘာလုပ် စရာ ရှိသေးလဲ စဉ်းစား နေတုံး၊ မနက်က ကျီးဖြူ ကိစ္စ သတိ ရမိ ပြန်တယ်။ အဲဒီ အချိန်မှာဘဲ ---- "ဟဲလို - ဆရာလား။ ကျနော် ဦးသင်း နောင်နောင်ပါ။ ကျနော်တို့ မိသားစု အားလုံး အမေရိကန် ဒီဗီ ပေါက်လို့ တစ်မိသား စုလုံး အမေရိကား သွားတော့မယ်လေ။ ဘာလို့ စောစောစီးစီး မပြောတာလဲ ဆိုတော့ surprise ဖြစ်အောင် လုပ်တာ။ အခု နှုတ်ဆက်ပွဲ က အိမ်မှာလုပ်မှာ။ အခုနော်။ လာခဲ့ပါ ဆရာ။" "အိုကေ အိုကေ လာပြီ လာပြီ စောင့်နေနော်။ အမေရိကားကို တစ်မိသားစုလုံး သွားနေတော့မှာ ဆိုတော့ လာ ရမှာ ပေါ့ဗျာ။ ဟဲဟဲဟဲ။ "

[ညနေ ၅း၀၀ နာရီ။] ဟူး - ဒီနေ့ ကျနော် တော်တော် မောသွားပါတယ်။ နောက်ထပ် ဘာလုပ်စရာတွေ ရှိသေးလဲ လို့ စဉ်းစားနေတုံးမှာ - voice message အသံမက်ဆေ့ တစ်ခု ဝင် လာတယ်။ "ဆရာ၊ ကျမ အစ်ကို ကျီးဖြူ ဆုံးသွားပါပြီ။ ရပ်ကွက်ကလဲ လူဆိုး တစ်ယောက် ရဲ့ အသုဘ ကို ကြာကြာ အထားမခံလို့ ညတွင်းချင်းဘဲ သင်္ဂြိုလ် ဖို့ လုပ် လိုက်ပါ တယ်။ ကျမတို့ ကို လက်ခံ စကားပြောပေးတဲ့အတွက် ကျေးဇူး တင်ပါတယ် ဆရာ " တဲ့။

(နိဂုံးပိုင်း) ကျနော့် နားထဲမှာတော့ မနေ့က (တနင်္ဂနွေနေ့) ဘုရားကျောင်း တစ်ခုမှာ တရား ဟောခဲ့တဲ့ ***"လျော်ကြေး"*** ဆိုတဲ့ ကိုယ့် တရားဟောချက်လေးကို ကိုယ်ပြန် နားယောင် နေမိပါတော့တယ်။ ။ မင်းအောင်သက်လွင်

## [[ ကာတွန်း - ကျမ်းဖတ်ပုဂ္ဂိုလ် ]]

**(သရုပ်ဖော်ပုံ- မင်းအောင်သက်လွင် (အတွေးစာသား- တောသားလေး)**






သခင့်စကား ဗိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၁ စက်တင်ဘာလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချီရန် ကန့်သတ ထုတ်ဝေသည်။